Stiftung Asienhaus

**Bettina-Kattermann-Stiftung**

## သတင်းထုတ်ပြန်ချက်

# Bettina Kattermann ဖောင်ဒေးရှင်းမှ ပထမဆုံး ပညာသင်ထောက်ပံ့ကြေး ရရှိသူ ဒေါက်တာချစ်ရဲဇော်


Dr. Chit Ye Zaw

Bettina Kattermann ဖောင်ဒေးရှင်းမှ ပထမဆုံး ပညာသင်ထောက်ပံ့ကြေးရရှိသူ ဒေါက်တာချစ်ရဲဇော်သည် ဘန်ကောက်မြို့ ရှိ Mahidol တက္ကသိုလ်(Faculty of Public Health)တွင် သူ၏ တစ်ဆယ့်လေးလကြာ မာစတာပညာသင်ကြားခြင်းကို ၁၆.၀၆.၂၀၁၄ နေ့ တွင် စတင်မည် ဖြစ်ပါသည်။ ဒေါက်တာချစ်ရဲဇော်(မွေးသက္ကရာဇ် ၀၄.၀၇.၁၉၈၈)သည် မြန်မာနိုင်ငံတွင် ဘွဲ့ ရရှိခဲ့ပါသည်။ ၎င်းနောက်တွင် သူသည် ကွဲပြားခြားနားသော နေရာဒေသများ၌ သူ၏ပညာကို လက်တွေ့ အသုံးချခဲ့သည်။ နောက်ဆုံးတွင် သူသည် ပရိုဂျက်မန်နေဂျာ(ကျန်းမာရေးနှင့် HIV/AIDS)အဖြစ် ရန်ကုန်မြို့ ရှိ Caritas  Myanmarမှ   ဖွဲ့ စည်းတည်ထောင်ထားသော Karuna Myanmar Social Services (KMSS)ဌာန၌ ဆောင်ရွက်ခဲ့ပါသည်။

ဒေါက်တာချစ်ရဲဇော်သည် ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ် မောင်းတော၌ ဆရာဝန်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ သူသည် ၎င်းဒေသ၌ လူမျိုးစုဆိုင်ရာ ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ ခဲ့ရသူ ဖြစ်ပါသည်။ ဒေါက်တာချစ်ရဲဇော်နှင့် Bettina Kattermann(Bettina Kattermann ဖောင်ဒေးရှင်းသည် သူမ၏ နာမည်ကိုအစွဲပြု၍ အမည်မှည့်ခေါ်ထားသည်)တို့ တွင် တူညီမှုတစ်ခု ရှိပါသည်။ ၎င်းတူညီမှုမှာ  Bettina Kattermannသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၏ မြို့ တော်ဖြစ်သော စစ်တွေမြို့ တွင် သူမ၏ တာဝန်ကို ထမ်းဆောင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

ပညာသင်ထောက်ပံ့ကြေး ရရှိသူကို ရွေးခြယ်ရာတွင် Bettina Kattermann ဖောင်ဒေးရှင်း၏ သဘောတူညီချက်နှင့်အတူ  Katholische Akademische Ausländerdienst (KAAD) မှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။  KAADမှ ဘန်ကောက်မြို့ တွင်  ပညာသင်ထောက်ပံ့ကြေးရရှိသူအား စောင့်ရှောက်ခြင်းကိုလည်း

တာဝန်ယူပါသည်။ ၎င်းအပြင် ပညာသင်ထောက်ပံ့ကြေးနှင့်ဆိုင်ရာ ရုံးကိစ္စများကိုလည်း တာဝန်ယူဆောင်ရွက်မည် ဖြစ်ပါသည်။

တက္ကသိုလ်ကျောင်းလခ၊ ကျောင်းသုံးပစ္စည်းများ၊ သုတေသနပရိုဂျက်များနှင့် အသက်မွေးဝမ်းကျောင်းအတွက် လိုအပ်သော ကုန်ကျစရိတ် စသည်တို့ ကို ပညာသင်ထောက်ပံ့ကြေးငွေအတွင်းမှ အသုံးချရမည် ဖြစ်ပါသည်။ စုစုပေါင်း ပညာသင်ထောက်ပံ့ကြေးငွေ ပမာဏမှာ ယူရို ၁၇၀၀၀ ဖြစ်ပါသည်။

Bettina Kattermann ဖောင်ဒေးရှင်း၏အကြောင်း သတင်းအချက်အလက်များကို အင်တာနက်စာမျက်နှာ www.bettina-kattermann-stiftung.de ပေါ်တွင် ရှာဖွေတွေ့ ရှိ

နိုင်ပါသည်။ Bettina Kattermann ဖောင်ဒေးရှင်းတွင် သုံးစွဲရန် မတည်ငွေရင်း ယူရို ၂၀၀၀၀၀ ရှိပါသည်။ လူကြီးမင်းများ၏ ပါဝင်လှူဒါန်းမှုနှင့်အတူ အောင်မြင်ထိရောက်သော ပညာသင်ထောက်ပံ့ကြေးအစီအစဉ် တောင့်တင်းခိုင်မာစေရန်အတွက် လူကြီးမင်းများအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ၎င်းအပြင် လူကြီးမင်းများ၏ ဆောင်ရွက်ဖြည့်ဆည်းမှုနှင့်အတူ ပိုမိုကောင်းမွန်သော ဆေးဝါးဆိုင်ရာကုသမှုကို စွမ်းဆောင်နိုင်ရန်အတွက်လည်း ဖိတ်ကြားအပ်ပါသည်။

Bettina Kattermann ဖောင်ဒေးရှင်း၏ ရည်မှန်းချက်သည် အထူးသဖြင့် ဒေါက်တာချစ်ရဲဇော်၏ အောက်ဖော်ပြပါရည်မှန်းချက်ကဲ့သို့ ရည်မှန်းချက်ထားရှိသော ပညာသင်ထောက်ပံ့ကြေးရရှိသူများကို မြေတောင်မြှောက်ပေးရန် ဖြစ်ပါသည်။

" After I graduated, I will serve the last, the lost and the least "

အခြားသတင်းအချက်အလက်များကို အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာပေါ်တွင် တွေ့

ရှိနိုင်ပါသည်။ http://www.asienhaus.de/archiv/asienhaus/kattermann-stiftung/burmes-2013-11-14-Presseerklaerung-Bettina-Kattermann-Stiftung.pdf

Köln, den 14. Mai 2014
Bettina-Kattermann-Stiftung
Hohenzollernring – 50672 Köln
www.bettina-kattermann-stiftung.de
Kontakt: Klaus Fritsche@asienhaus.de